# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 6

DATED: July 2024


| စဉ် | အကြောင်းအရာ |
| --- | --- |
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက် အမှာစကားပြောကြား |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် ၃) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ် |
| ၆။ | မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ် မှ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်း ဝ.၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့ကြောင်း တွေ့ရှိ |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက် |
| ၈။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် |
| ၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၁၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ယူအေအီး သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူအား လက်ခံတွေ့ဆုံ |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူအား လက်ခံတွေ့ဆုံ |

| | |
|---|---|
| ၁၂။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၁၄။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပပြုလုပ် |
| ၁၅။ | (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံ |
| ၁၆။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သီရိလင်္ကာလွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ |
| ၁၇။ | အာဆီယံကော်မတီ(တိုကျို)မှ ကြီးမှူးကျင်းပသည့် ဂျပန်နိုင်ငံ၏ အလုပ်သမားဆိုင်ရာမူဝါဒ ဆွေးနွေးပွဲသို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက် |
| ၁၈။ | ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က အာဆီယံ-ဂျပန်စင်တာ၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi အား လက်ခံတွေ့ဆုံ |
| ၁၉။ | International University of Japan(IUJ) ၌ ကျင်းပပြုလုပ်ခဲ့သည့် “2024 Graduation Ceremony” အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၀။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Mongkol VISITSTUMP အား လက်ခံတွေ့ဆုံ |
| ၂၁။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ |
| ၂၂။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က မလေးရှားသံရုံး၊ သံရုံးယာယီတာဝန်ခံ/ သံအမတ်အား လက်ခံတွေ့ဆုံ |
| ၂၃။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်သွားရောက် |
| ၂၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ |
| ၂၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၁ လအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၀ သန်း ရှိခဲ့ |
| ၂၆။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ |

| | |
|---|---|
| ၂၇။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂ လတာအတွင်း ပဲအမျိုးမျိုးတန်ချိန် ၄၁၀,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၇ သန်း ရရှိခဲ့ |
| ၂၈။ | ၂၀၂၄ ခုနှစ် မေလတွင် ပြောင်းတင်ပို့မှုမှာ လျာထားချက် ကျော်လွန်လျက်ရှိ |
| ၂၉။ | ပြည်ပနိုင်ငံများသို့ သင်္ဘော (၈) စီးဖြင့် မြန်မာ့ဆန်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ |
| ၃၀။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် ပြည်ပနိုင်ငံများသို့ ရာဘာတန်ချိန် ၁၉,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ |
| ၃၁။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂ လတာကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၄၈၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၃၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် ရှိခဲ့ |
| ၃၃။ | ၂၀၂၄ ခုနှစ် မေလတွင် မြန်မာ့ဆန် တန်ချိန် ၇၁,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ |
| ၃၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံရှိ လေဆိပ် ၇ ခုကို အဆင့်မြှင့်တင် ပြုပြင်သွားမည် |
| ၃၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူခဲ့ |
| ၃၆။ | မြန်မာနိုင်ငံအနေဖြင့် ၇ လတာကာလအတွင်း တရုတ်နိုင်ငံသို့ ပုစွန်တန်ချိန် ၆၀၀ ကျော် တင်ပို့နိုင်ခဲ့ |
| ၃၇။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံကျော် ရှိခဲ့ |
| ၃၈။ | ကံပိုက်တီးနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လလျာထားချက် အမေရိကန်ဒေါ်လာ ၅ သန်း ပြည့်မီကျော်လွန်ခဲ့ |
| ၃၉။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာအတွင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရှိခဲ့ |
| ၄၀။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလတွင် ရေထွက်ကုန် တန်ချိန် ၄ သောင်း ၈ ထောင်နီးပါးတင်ပို့နိုင်ခဲ့ |
| ၄၁။ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည် လာရောက်မှုမှာ ၁ သိန်းကျော် ရှိခဲ့ |
| ၄၂။ | ကမ္ဘာလှည့်ခရီးသွား တစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်း စိုက်ပျိုးမည့် စီမံကိန်းကို လာမည့်ဇူလိုင်လတွင် စတင်မည်ဖြစ်ခြင်း |
| ၄၃။ | မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုပ္ပါးတောင် အမျိုးသား ဘူမိဥယျာဉ်သည် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ် သတ်မှတ်ခံရရေး နီးကပ်လာပြီဖြစ်ခြင်း |
| ၄၄။ | ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာ ကျောင်းသား/ ကျောင်းသူပေါင်း (တစ်သန်း) ကျော် တက်ရောက် ပညာသင်ကြားလျက်ရှိ |
| ၄၅။ | ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းသား/သူပေါင်း (၆)သန်း ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက် အမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းများဖြစ်သော်လည်း အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့် အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး အခွင့်အရေး တန်းတူရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ၎င်းလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်း

ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်ရန်လိုကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Normal Trade ဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆောင်ရွက်သည်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း နိုင်ငံ၏စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်မည်ဖြစ် ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင် စိုက်ကေများတိုးချဲ့ခြင်းထက်ရှိပြီးသား စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလတွင် ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန် ပြောင်းလဲလာသည်ကိုတွေ့ရပြီး၊ ဝိသမ စီးပွားရေးသမားများ အနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည်စစ်ဆေးမှုများ၊ ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက် သည့် ဖြစ်သင့်သည့် ဈေးနှုန်းသို့ တဖြည်းဖြည်းကျဆင်း ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်ကလည်း စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များ ပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမ မဖြစ်အောင် ဆောင်ရွက် ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သော အခက်အခဲ အကျပ်အတည်းများကြားမှ နိုင်ငံ့ စီးပွားရေး အတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းပြည်၏ စီးပွားရေး ကျဆင်းမှု ရှိစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်သဖြင့် ငွေဈေးတည်ငြိမ်ရန် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး ကဏ္ဍသည် အရေးကြီးကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ပညာမတတ်အောင် လုပ်ဆောင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်ကိုဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ပညာရေး ကဏ္ဍကို ဖျက်ဆီးနေသည့်လုပ်ရပ်ထက် အောက်တန်းကျသော လုပ်ရပ်မရှိကြောင်း၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ ကို ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် ၃) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ဖွင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ထိုနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေးအတွက်အရေးပါသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူ ဖွယ်ရာနေ့ တစ်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွက် သာမကဘဲ မြန်မာပြည်သူများ အားလုံးအတွက်ပါ ကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်နှင့် သန်လျင်မြို့တို့ကို ဆက်သွယ်ထားသည့် အရှည် ၈,၆၃၈ ပေ (ရှစ်ထောင်ခြောက်ရာ သုံးဆယ် ရှစ်ပေ) ရှိသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)လေးလမ်းသွား တံတားသစ်ကြီး ကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ သက်သာသည့် ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတံတားကို အခြားတံတား များနှင့် ဒီဇိုင်းများနှင့်မတူစေဘဲ ရန်ကုန်မြို့၏ အထင်ကရ အမှတ်အသား (Landmark) ဖြစ်စေရန်အတွက် သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) ဖြင့် ခိုင်ခံ့လှပထည်ဝါစွာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတံတားကြီး တည်ဆောက်နိုင်ရန် အတွက် ၂၀၁၇ ခုနှစ် တွင် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံရေးအခြေအနေများကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်း၊ ချေးငွေကိစ္စရပ်များတုံ့ဆိုင်းသွားခဲ့ပြီး အကြိမ်ကြိမ်ညှိနှိုင်း ချက်များအရ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ရန်ပုံငွေသုံးစွဲမှုတွင် လိုအပ်ချက် ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံတော်မှ ကျပ် ၄၆ ဘီလီယံ ကျော်ထည့်ဝင်ကျခံပြီး တည်ဆောက်ပြီးစီးရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တံတားကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါ ပဲခူးမြစ်ကူး တံတား (သန်လျင်တံတား အမှတ်-၃) လေးလမ်းသွား တံတားသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီ ဖြစ်သည့်အတွက် သန်လျင်တံတား အမှတ်(၁) ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်သည့် အပြင် သီလဝါ အထူးစီးပွားရေးဇုန်ကို အကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ

EMBASSY OF MYANMAR, TOKYO

တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်း ခရိုင်မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ နောင်အခါတွင် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြုပြီး ဘားအံမြို့ - မြဝတီမြို့ အထိ ဆက်စပ်သွားလာ နိုင်တော့မည်ဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်း နိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုး လာမည်ဖြစ်ကြောင်း၊ ယခုတံတားကြီး တည်ဆောက်ပြီးစီးခြင်းနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝသာမက အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာပြီး ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာ နိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)အား ဖြတ်သန်းကြည့်ရှု စစ်ဆေးစဉ်။

EMBASSY TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တံတားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် တည်ဆောက်ရေးအင်ဂျင်နီယာအဖွဲ့အား သစ်သီးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ပေါ်တွင် မော်တော်ယာဉ်များ စည်ကားများပြားစွာဖြင့် ဖြတ်သန်းသွားလာနေစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းအကြားနေရာရှိ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေး ဇုန်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေး ဇုန်လုပ်ငန်းများ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား ၊ ငါးနှင့် ရာသီသီးနှံဖူလုံမှု ရှိစေရန် ရည်ရွယ်ဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အတွင်း စက်ရုံ၊ အလုပ်ရုံ များစွာရှိပြီး လူဦးရေ များပြားစွာ ရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အသား၊ ငါး နှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ဇုန်များအတွင်း မြေအသုံးချမှုကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုကြောင်း၊ ယနေ့တွင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည့်အတွက် သန်လျင်ဒေသသည် ယခင်ကထက် များစွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ အမြတ်ရရှိရေး သည် အဓိကမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူလူထု အနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူ စားသောက်နိုင်စေရေးအတွက် အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက် ပိုမိုအောင်မြင် အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံအောင် ထုတ်လုပ် နိုင်ပြီးပါက ထပ်မံတိုးချဲ့ ထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများသို့လည်း အေးခဲအသား၊ ငါးများ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်း စားသုံးသူများ၏ လိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်ပြီး ပြည်ပသို့ အရည်အသွေး ပြည့်မီ သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်နေသည့် နိုင်ငံများ၏ စိုက်ပျိုးရေး နည်းလမ်းများ မွေးမြူရေးနည်းလမ်းများကိုလည်း အမြဲမပြတ်လေ့လာ၍ အတုယူ ဆောင်ရွက် ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာ ပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ **(UAE)** သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး H.E. Mr. Muraz Abdullah Abdulijaeleel Mohamed Al Faheem သည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် နံနက်ပိုင်း

တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထိုနောက် နှစ်နိုင်ငံအကြား သံတမန် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်း တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွား ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။







## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘော တူညီပြီး ဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma သည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

ထိုနောက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။





EMBASSY ... TOKYO



## မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ် မှ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်း ၀.၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့ကြောင်း တွေ့ရှိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျောင်းပရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သစ်ပင်သစ်တောများ ထိန်းသိမ်းရေးလုပ်ငန်းကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေကာကွယ်တောပင်များ ပြုစု စိုက်ပျိုးရန်၊ အာဆီယံလမ်းမကြီးနှင့် အဝေးပြေးလမ်းမကြီး ဘေးဝဲယာတစ်လျှောက်နှင့် ရထားလမ်းဘေးဝဲယာ တစ်လျှောက်တွင် သစ်ပင်များ စိုက်ပျိုး ပြုစုထိန်းသိမ်းသွားရန်လိုကြောင်း အလေးထားပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ စတင်ပြီး နှစ်စဉ် သစ်ပင် စိုက်ပျိုးပွဲများ ကျင်းပလာခဲ့သည်မှာ ၂၀၂၄ ခုနှစ်အထိ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ်တွင် ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင် စိုက်ပျိုးပွဲ ၈ ကြိမ်တွင် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်မှ စ၍ နိုင်ငံနှင့်တစ်ဝန်း မိုးကြိုနှင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲပေါင်း ၁၁၄၇ ပွဲတွင် ပျိုးပင် ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

EMBASSY OF MYANMAR TOKYO

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တော ဧရိယာ ဒုတိယ အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်း ဧရိယာသည် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ သစ်တောပြုန်တီးမှုနှုန်းသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် ၁.၇ ရာခိုင်နှုန်း ပြုန်းတီးခဲ့ ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် ၀.၉ ရာခိုင်နှုန်းခန့်သာ သစ်တောပြုန်းတီးမှု ရှိခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၃ နှစ်ကျော်ကာလ အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကာကွယ်တော ၁၄ ခုတွင် ဧက ၅၉၀,၀၀၀ ကျော်ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း အသိပေး ပြောကြားခဲ့ပါသည်။

ထို့ပြင် အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးအတွက် ဘက်စုံသုံး စိုက်ခင်းနှင့်ကျေးရွာထင်း စိုက်ခင်း စုစုပေါင်း ၃၅၅၁.၂၀ ဧက ပျိုးပင်ပေါင်း နှစ်သန်းကျော်ကို ကျေးရွာပေါင်း ၈၀၉ ရွာတွင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီတွင် တစ်ရွာလျှင် ၂ ဧကနှုန်း စိုက်ပျိုးနိုင်ရန် စီစဉ်ထားကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကို လျှော့ချနိုင်ရေးအတွက် သစ်ပင်ပန်းပင်များနှင့် အမြဲစိမ်းလန်းစိုပြေ သာယာ လှပစေရန် သစ်တောစိုက်ခင်းများ ပိုမိုတည်ထောင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောဆိုခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ **ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။



စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ဦးစွာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အဖွင့် အမှာ စကား ပြောကြားရာတွင် အစည်းအဝေး ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အတည်ပြု ပြဋ္ဌာန်းပြီး ဖြစ်သည့် စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက် နိုင်ရန်ဖြစ်ကြောင်း၊ စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်

EMBASSY TOKYO

များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများအား သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်စေရန်၊ စက်မှုဇုန်များတွင် အသုံးပြုခွင့်ရရှိထားသော မြေများကို လက်တွေ့အသုံးပြုခွင့် ရရှိထားသော နိုင်ငံ့စီးပွားရေး တိုးတက်စေရန်အတွက် မူဝါဒများချမှတ် ဆောင်ရွက်သွားနိုင်စေရန်နှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မိမိတို့နိုင်ငံ၌ ယနေ့ထိ ဖွင့်လှစ်ပြီး စက်မှုဇုန်များကို ကြည့်လျှင် ပင်မစက်မှုဇုန် ၂၈ ခုနှင့် ဇုန်ခွဲများပါရှိပါက ၅၃ ခုရှိပြီး စက်မှုရပ်ကွက် ၅ ခုရှိသည်ကို တွေ့ရကြောင်း၊ တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်းမှာ နှစ်ခုရှိကြောင်း၊ တည်ထောင်ပြီး စက်မှုဇုန်များကို အဆင့်မြင့်တင် ဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဥပဒေ၊ နည်းဥပဒေများနှင့် မကိုက်ညီသည့် အချက်များကိုလည်း ပြန်လည်ပြင်ဆင်တည့်မတ်ထိန်းကျောင်း သွားကြရမည်ဖြစ်ကြောင်း၊ ထူထောင်ပြီး စက်မှုဇုန်များနှင့် ထပ်မံဆောင်ရွက်မည့်စက်မှုဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ ဒေသဆိုင်ရာ စက်မှုဇုန်များတည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ရမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီများက အဓိက အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေး စနစ်နှင့်ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက်လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝ ထုတ်လုပ်နိုင်ရေးပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက် တစ်လမ်းမှကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အထူး စီးပွားရေးဇုန်များနှင့်စက်မှုဇုန်များရှိကြောင်း၊ ယင်းတို့မှာ စီးပွားရေးဇုန်ခြင်းတူသော်လည်း အမျိုး အစားခြင်း မတူညီသည့်အတွက် အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံဆောင်ရွက် နေသည့်စက်မှုဇုန်များကို သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အောင်မြင်အောင် မိမိတို့စက်မှုဇုန်များကိုစက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ဥပဒေ၊ နည်း ဥပဒေများကို သိရှိကျွမ်းကျင်နားလည်ပြီး လိုက်နာဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်နိုင် မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အဆိုပါ ဗဟိုဌာနနှင့်သင်တန်းကျောင်း အဆောက်အဦ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ လူများ ရွှေ့ပြောင်းသွားလာ နေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှတစ်ဆင့် စတင် ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါအသစ်များ ဖြစ်ပွားခြင်း၊ ယခင်ကတည်းက ရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများ လည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကဲ့သို့ ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ကျန်းမာရေး ပြဿနာများကို ကြိုတင် ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ထမ်းများ အနေဖြင့် စွမ်းဆောင်ရည် မြင့်မားရန် ဆန်းသစ်သည့် နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ် ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေး ဗဟိုဌာနတစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ကူညီတည် ဆောက် ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း စီမံကိန်းကို တရုတ်ယွမ်ငွေ သန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်း

EMBASSY OF MYANMAR, TOKYO

ဖြစ်ကြောင်း၊ Myanmar CDC Center ထူထောင်နိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး အဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး လုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ခဲ့ပါက ယခုဌာနကို အခြေပြု၍ ဗဟိုအဆင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဌာနတစ်ခုအဖြစ် ဌာနအတွင်း တပ်ဆင်ထားသည့် ကွန်ပြူတာသုံး ပထဝီသတင်းအချက်အလက်စနစ် **(GIS)၊** ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် **(GPS)** စနစ်များကို အသုံးပြုပြီး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့် သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့် တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းဖြင့် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီး ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော် ရင်းနှီးမှု၏ သမိုင်းမှတ်တမ်းအဖြစ်သာမက မြန်မာ CDC တွင် ကိုဗစ် -၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများ၊ အသစ်ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများ၊ ကာကွယ်ထိန်းချုပ်ရန်၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများအတွက် ကျန်းမာရေး ကဏ္ဍ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းနှင့် သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

EMBASSY OF MYANMAR, TOKYO








Myanmar National Center for Disease Control and Medical Training Center

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ၃၀-၅-၂၀၂၄ ရက်၊ (၁၀၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမို ခိုင်မာလာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက် အကောင် အထည်ဖော်ရေး၊ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြင့်တင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် တရုတ်နိုင်ငံမှ အပြု သဘော ဆက်လက်ကူညီ ဆောင်ရွက် ပေးသွားမည့် ကိစ္စရပ်များ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ် ခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ယူအေအီး သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူအား လက်ခံတွေ့ဆုံ

**(၁၀-၆-၂၀၂၄ ရက်၊ နေပြည်တော်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ မူတာဇ် အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာဟင်းမ်အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ၁၀၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးမှ သံအမတ်ကြီးအား ပထမဦးဆုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူအေအီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး၊ မြန်မာ-ယူအေအီး နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ စေရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူအား လက်ခံတွေ့ဆုံ

(၁၀-၆-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စစ်ပွန်နမ်ပီရူးမားအာရာချ်ချီဂီ ပရာဘာရှိနီပွန်နမ်ပီရူးမား အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ၁၁၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရေး၊ မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

(၁၁-၆-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာသာရက ဘာလာသူရိယာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ (၁၃၃၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

(၁၃-၆-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ (၁၁၃၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပြည်သူချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပပြုလုပ်

EMBASSY MYANMAR

(၁၄-၆-၂၀၂၄၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ၁၄-၆-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်မိန့်ခွန်းပြောကြားရာ၌ မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ဆွေမျိုးပေါက်ဖော် ရင်းနှီးခင်မင်မှုနှင့် ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်တွင် စတင်ထူထောင်ခဲ့သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ဂုဏ်ပြုပြောကြားခဲ့သည်။ ထို့အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒအပေါ် အခြေခံကာ ၂၀၁၁ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးအား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသို့ မြှင့်တင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် မျှဝေသော အနာဂါတ်အသိုက်အဝန်းသို့ ဆက်လက်တိုးမြှင့်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်က တရုတ်နိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများနှင့်အတူ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို အလေးပေးပြောကြားခဲ့ပြီး၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် (၇) ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများကို ထောက်ပံ့ပေးအပ်သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို "မြစ်တစ်စင်းနှင့် မျှဝေသောအနာဂါတ်" မဲခေါင်-လန်ချန်း စိတ်ဓါတ် ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကလည်း အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်

EMBASSY OF MYANMAR, TOKYO

ရင်းနှီးခင်မင်မှု၊ အပြန်အလှန် နားလည်လေးစားမှုနှင့် အကူအညီပေးမှုများကို ပြန်လည်အမှတ်ရပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခုကို ပူးပေါင်းတည်ဆောက်ရာတွင် အရေးပါသောစင်္ကြံတစ်ခု ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံရေးရာနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဆက်လက်၍ အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် မြန်မာနိုင်ငံ၏ ဝန်ကြီးဌာန (၆) ခုက အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း စုစုပေါင်း (၁၂) ခုအတွက် အမေရိကန်ဒေါ်လာ ၃.၆ သန်းခန့်ကို တရုတ်နိုင်ငံက မြန်မာနိုင်ငံထံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်း (၁၂) ခုကို စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သစ်တောဆိုင်ရာအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကိုအကျိုးပြုသော အလေ့အထနှင့် တီထွင်ဆန်းသစ်မှုများဆောင်ရွက်ရေး၊ ကျေးရွာအဆင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးစသည့် နယ်ပယ်များ၌ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေမှ တစ်ဆင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အမေရိကန်ဒေါ်လာ (၃၅) သန်းခန့် တန်ဖိုးရှိသော ကဏ္ဍပေါင်းစုံ စီမံကိန်း (၁၁၈) ခု ကို လက်ခံရရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO


https://www.facebook.com/mofamyanmar
Mekong-Lancang Cooperation
Signing Ceremony of the Agreement of Cooperation on Projects of MLC Special Fund (2024) in Commemoration of the 74th Anniversary of the Establishment of Diplomatic Relations between Myanmar and China


https://www.facebook.com/mofamyanmar
Signing Ceremony of the Agreement of Cooperation on Projects of MLC Special Fund (2024) in Commemoration of the 74th Anniversary of the Establishment of Diplomatic Relations between Myanmar and China
14 June 2024




EMBASSY OF MYANMAR

## (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံ

(၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် တီဟီရန်မြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အေစီဒီလက်ရှိဥက္ကဋ္ဌနှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီနှင့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက် ဒေသစံတော်ချိန် ၁၀၀၀ နာရီတွင် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။
ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် မြန်မာ-အီရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


ထိုသို့တွေ့ဆုံရာတွင် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့သည်။

(၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အေစီဒီ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့က တီဟီရန်မြို့၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

EMBASSY OF MYANMAR, TOKYO




EMB


https://www.facebook.com/mofamyanmar


https://www.facebook.com/mofamyanmar
The Republic of Korea
The State of Kuwait
The Kyrgyz Republic

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သီရိလင်္ကာလွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ

ဆိုရှယ်လစ်သမ္မတနိုင်ငံမှ လွှတ်တော်အမတ်များဖြစ်သည့် မစ္စတာ ဆူဂျစ် ဆန်ဂျာရာ ပီရဲရား၊ မစ္စတာ ဂျေ စီ အလာဝါသူဝါလာနှင့် မစ္စတာ ဝါဆန်သာ ယာပါ ဘန်ဒါရာ တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်၊ (၁၁၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု များမြှင့်တင်ရေး၊ မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိ ရပါသည်။






# အာဆီယံကော်မတီ(တိုကျို)မှ ကြီးမှူးကျင်းပသည့် ဂျပန်နိုင်ငံ၏ အလုပ်သမားဆိုင်ရာမူဝါဒ ဆွေးနွေးပွဲသို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်

(၇-၆-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံ၏ အလုပ်သမားဆိုင်ရာမူဝါဒဆွေးနွေးပွဲကို အာဆီယံကော်မတီ(တိုကျို)၏ အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ ကြီးမှူး၍ အင်ဒိုနီးရှားသံရုံး၌ ၇-၆-၂၀၂၄ ရက်၊ ၁၅၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ အလုပ်သမားသံအရာရှိများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ၊ Residency Management and Support Division မှ ညွှန်ကြားရေးမှူးချုပ် Ms. Fukuhara Nobuko က အထူးဧည့်သည်တော်အနေဖြင့် တက်ရောက်၍ ဂျပန်အစိုးရအနေဖြင့် လက်ရှိအလုပ်သင် သင်တန်းသားအစီအစဉ်အား ဖျက်သိမ်း၍ အစီအစဉ်အသစ် ပြဋ္ဌာန်းနိုင်ရန်အတွက် ဆောင်ရွက်

လျက်ရှိသည့် အခြေအနေ၊ ပြင်ဆင်မွမ်းမံမည့် ကျွမ်းကျင်အလုပ်သမား အစီအစဉ်စသည့် ဂျပန်အစိုးရ၏ အလုပ်သမားဆိုင်ရာမူဝါဒနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

သံအမတ်ကြီး ဦးစိုးဟန်က လက်ရှိအလုပ်သင်သင်တန်းသားအစီအစဉ်အား ဖျက်သိမ်း၍ အစီအစဉ်အသစ် ပြဋ္ဌာန်းမည့်ကိစ္စရပ်နှင့်ပတ်သက်၍ အချိန်ကာလသတ်မှတ်ချက်နှင့် စေလွှတ်မည့်နိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ အသစ်ချုပ်ဆိုရေးတို့နှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူးချုပ် Ms. Fukuhara Nobuko က အစီအစဉ်အသစ်ကို ဂျပန်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးပါက ပြင်ဆင်ချိန် ကာလ (၃) နှစ် သတ်မှတ်သွားမည် ဖြစ်ပါကြောင်းနှင့် စေလွှတ်မည့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအသစ် ပြန်လည်ချုပ်ဆိုရေးအတွက် ညှိနှိုင်းမှုကို ဂျပန်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးပါက စတင်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းထားပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စား လှယ်များက အလုပ်သမားကိစ္စရပ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ညနေ ၁၆၃၀ အချိန်တွင် ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR TOKYO


http://www.facebook.com/mofamyanmar
Memorandum of Cooperation (MOC)
Immigration Services Agency
Signees of MOC for "Technical Intern Training" (15 countries)
[As of Jan. 1, 2024]
Signees of MOC for "Specified Skilled Workers" (16 countries)
[As of July. 6, 2023]
※ASEAN member countries are in red.
evian


http://www.facebook.com/mofamyanmar
Memorandum of Cooperation (MOC)
Connect the World, Create the Future
Immigration Services Agency
Signees of MOC for "Technical Intern Training" (15 countries)
[As of Jan. 1, 2024]
Vietnam (Jun. 6, 2017), Cambodia (Jul. 11, 2017), India (Oct. 17, 2017), Philippines (Nov. 21, 2017), Laos (Dec. 9, 2017), Mongolia (Dec. 21, 2017), Bangladesh (Jan. 29, 2018), Sri Lanka (Feb. 1, 2018), Myanmar (Apr. 19, 2018), Bhutan (Oct. 3, 2018), Uzbekistan (Jan. 15, 2019), Pakistan (Feb. 26, 2019), Thailand (Mar. 27, 2019), Indonesia (Jun. 25, 2019), Nepal (Jan. 1, 2024)
Signees of MOC for "Specified Skilled Workers" (16 countries)
[As of July. 6, 2023]
Philippines (Mar. 19, 2019), Cambodia (Mar. 25, 2019),
Myanmar (Mar. 28, 2019), Mongolia


## ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က အာဆီယံ-ဂျပန်စင်တာ၏ အတွင်းရေးမှူး ချုပ် Dr. Kunihiko Hirabayashi အား လက်ခံတွေ့ဆုံ

(၁၄-၆-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် အာဆီယံ-ဂျပန်စင်တာ၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ နံနက်ပိုင်းတွင် မြန်မာသံရုံး၊ တိုကျိုမြို့၌ တွေ့ဆုံခဲ့ပါသည်။

ထို့သို့ တွေ့ဆုံစဉ် မြန်မာသံရုံး၊ တိုကျိုမြို့နှင့် အာဆီယံ-ဂျပန်စင်တာအကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာဆီယံ-ဂျပန်စင်တာနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။






## International University of Japan(IUJ) ၌ ကျောင်းပပြုလုပ်ခဲ့သည့် “2024 Graduation Ceremony” အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၂၂-၆-၂၀၂၄၊ တိုကျိုမြို့)

International University of Japan (IUJ) ၏ ၂၀၂၄ခုနှစ်၊ ဘွဲ့နှင်းသဘင်အခမ်း အနားကို ၂၂-၆-၂၀၂၄ရက်နေ့၊ နံနက် (၁၀၃၀) နာရီတွင် Minami-Uonuma City Hall ၌ ကျောင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ဂျပန်နိုင်ငံ အခြေစိုက် သံရုံး(၁၂)ရုံးမှ သံအမတ်ကြီးများ၊ သံရုံးကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက် ရောက်ခဲ့ပါသည်။

အဆိုပါ ၂၀၂၄ခုနှစ်၊ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် နိုင်ငံပေါင်း (၄၉) နိုင်ငံမှ ဘွဲ့ရရှိသူ (၁၆၁)ဦးအား ဘွဲ့များ အပ်နှင်းခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၁)ဦး၊ မဟာဘွဲ့ ရရှိသူ(၆)ဦး ဘွဲ့တက်ရောက်ယူခဲ့ကြောင်း သတင်းရရှိပါသည်။



သံအမတ်ကြီး ဦးစိုးဟန်မှ IUJ ၏ ၂၀၂၄ခုနှစ်၊ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်နေစဉ်



သံအမတ်ကြီး ဦးစိုးဟန်မှ IUJ ၏ ၂၀၂၄ခုနှစ်၊ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်နေစဉ်

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Mongkol VISITSTUMP အား လက်ခံတွေ့ဆုံ

(၅-၆-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်အား ၅-၆-၂၀၂၄ ရက်၊ ၁၄၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ပိုမိုတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့်နယ်ပယ်များအားလုံးတွင် ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်မှုများ ချဲ့ထွင်သွားရေးနှင့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးစသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ

(၄-၆-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ၁၀:၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေး ရုံး (UNOCHA) တို့အကြား လတ်တလော ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR TOKYO

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က မလေးရှားသံရုံး၊ သံရုံးယာယီတာဝန်ခံ/ သံအမတ် အား လက်ခံတွေ့ဆုံ

(၁၁-၆-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် ရန်ကုန်မြို့အခြေစိုက် မလေးရှား သံရုံးမှ သံရုံးယာယီတာဝန်ခံ/ သံအမတ် Mr. Johan Ariff Abdul Razak အား ၁၁-၆-၂၀၂၄ ရက်၊ (၁၀၀၀) နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအသီးသီးရှိ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များ အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ ကြောင်း သိရှိရပါသည်။



# နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်သွားရောက်

(၆-၆-၂၀၂၄ ရက်၊ နေပြည်တော်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ဦးဆောင်သည့် အဖွဲ့ဝင် (၉) ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ ရှန်ဟိုင်းမြို့နှင့် ပေကျင်းမြို့များသို့ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ ဇွန်လ (၅)ရက်နေ့အထိ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း မေလ ၃၁ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ်၊ နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Shaocheng နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဇွန်လ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liang Jianjun နှင့် တာဝန်ရှိသူများက လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ မြန်မာ-ယူနန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ယန္တရားပြန်လည်ဖော်ဆောင်ရေး၊ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်း (BRI) အောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံဆိုင်ရာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းများ အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု တိုးမြှင့်ဖော်ဆောင်ရေးနှင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်ပေးရေး တို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO


https://www.facebook.com/mofamyanmar


https://www.facebook.com/mofamyanmar
丹 推
Yang Shaocheng
多达昂
Li Fusheng




## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆.၇ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များ တင်ပို့ နိုင်ပြီးနှင့် အမေရိကန်ဒေါ်လာ ၁၆.၃ ဘီလီယံတန်ဖိုးရှိ သွင်းကုန်များ တင်သွင်းနိုင်ခြင်းဖြင့် စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံရှိစေရေး မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ပကုန်သွယ်မှုလျာထားချက် ပြည့်မီစေရေးအတွက်အစိုးရ ဌာနများနှင့်သက်ဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ မြန်မာနိုင်ငံအနေဖြင့် အမေရိကန် ဒေါ်လာ ၁.၇၆ ဘီလီယံတန်ဖိုးရှိ ကုန်စည်များတင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁.၇၇ ဘီလီယံ တန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ကာ ပြည်ပကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၅ ဘီလီယံ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထား ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂.၈၅ ဘီလီယံရှိခဲ့ပြီး၊ နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၈၄.၅၆ ဘီလီယံရှိခဲ့ကာ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၃.၁၁၆ ဘီလီယံ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများနှင့် အခြားကုန်စည်များကို တင်ပို့လျက်ရှိပြီး၊ ရင်းနှီးမြှုပ်နှံမှုကုန်စည်များ၊ လုပ်ငန်းသုံးကုန်ကြမ်းများ၊ CMP ကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) (၂၀၂၀-၂၀၂၅) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ လျှပ်စစ်နှင့်အီလက်ထရောနစ်စက်ပစ္စည်းကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍနှင့်တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ ပါဝင်ပါသည်။



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၁ လအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၀ သန်း ရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၁၀ ရက်နေ့အထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၀.၄၄ သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၄၀၇.၇ သန်း ရှိခဲ့သည့်အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၇.၂၈ သန်း လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုက်တီးနှင့် ကျိုင်းတုံစသည့် နယ်စပ်စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်လျက် ရှိပါသည်။ မူဆယ်နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခဲ့သည့် ပမာဏမှာ အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၄၀.၂၈ သန်း ရှိခဲ့ပါသည်။ ကံပိုက်တီး နယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆၇.၆၆ သန်းကျော်၊ လွယ်ဂျယ်နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁.၂၁၄ သန်း၊ ကျိုင်းတုံ နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၇၁.၂၇ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့်အခြားပစ္စည်းများကို တင်ပို့လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်းလျက် ရှိပါသည်။

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ဆန်ကွဲကို တရုတ်နိုင်ငံသို့ တန်ချိန် ၂၆,၀၀၀ ဖြင့် အများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၂၄,၀၀၀ ဖြင့် ဒုတိယအများဆုံးနှင့် စပိန်သို့ တန်ချိန် ၁၀,၆၀၀ ဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၁,၄၆၂ ကို ပင်လယ် ရေကြောင်းမှ တစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး၊ တန်ချိန် ၄၀၀ ကို နယ်စပ်မှတစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂ သန်း ကျော် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဆန်ကို ဥရောပနိုင်ငံများသို့ အဓိက တင်ပို့လျက် ရှိပြီး၊ အရည်အသွေးမြင့် ဆန်များကို တရုတ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့ ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိခဲ့ ပါသည်။

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂ လတာအတွင်း ပဲအမျိုးမျိုးတန်ချိန် ၄၁၀,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၇ သန်း ရရှိခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်နေ့မှ မေလ ၂၄ ရက်နေ့ အတွင်း ပဲအမျိုးမျိုး တန်ချိန် ၄၁၀,၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၇ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၂၄ ရက်နေ့ အတွင်း အမေရိကန်ဒေါ်လာ ၃၄၅.၁၂ သန်း တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၄၀၂,၂၁၀ ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁.၈၉ သန်း တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၁၃,၆၀၀ ကျော်ကို နယ်စပ်ဂိတ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁.၄၈၄ ဘီလီယံကျော်တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၁.၇၆ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို ပြည်ပနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်နှင့်

EMBASSY OF MYANMAR,

ဥရောပနိုင်ငံများသို့လည်းကောင်း အဓိကတင်ပို့လျက် ရှိပါသည်။ လတ်တလောတွင် အိန္ဒိယနိုင်ငံအနေဖြင့် မတ်ပဲနှင့်ပဲစင်းငုံတို့ ဝယ်လိုအား မြင့်မားလာလျက် ရှိသည်ကို တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မတ်ပဲတန်ချိန် ၂၅၀၀၀၀ နှင့် ပဲစဉ်းငုံတန်ချိန် ၁ သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၅ နှစ်ဆက်တိုက် ဝယ်ယူသွားရန် မြန်မာနိုင်ငံအစိုးရနှင့် နားလည်မှုစာချွန်လွှာကို ၁၈-၆-၂၀၂၁ ရက်နေ့တွင် ရေးထိုးထားပြီး ဖြစ်ပါသည်။ အဆိုပါ အစိုးရအချင်းချင်းချုပ်ဆိုထားသော စာချုပ်သည် အိန္ဒိယအစိုးရက သတ်မှတ်ထားသည့် နှစ်စဉ်ပဲတင်သွင်းခွင့် ကန့်သတ်ချက်ပမာဏအပေါ် သက်ရောက်မှု မရှိသည့်အတွက် မြန်မာနိုင်ငံမှ ပဲအမျိုးမျိုးတင်ပို့သူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဆိုပါ နားလည်မှုစာချွန်လွှာအရ ဆက်လက်တင်ပို့နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်ပဲတန်ချိန် ၄၀၀,၀၀၀ ထုတ်လုပ်လျက်ရှိပြီး၊ ပဲစင်းငုံတန်ချိန် ၅၀,၀၀၀ ထုတ်လုပ်လျက် ရှိပါသည်။ အိန္ဒိယမှ ဝယ်ယူလျက်ရှိသည့် မတ်ပဲအမျိုးအစားသည် မြန်မာနိုင်ငံတွင်သာ အများဆုံး စိုက်ပျိုးထွက်ရှိသည့် ပဲအမျိုးအစား ဖြစ်ပြီး ကျန်ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်း နှင့် ကုလားပဲတို့ကို အာဖရိကနှင့် ဩစတြေးလျတို့တွင် ထွက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရှိရပါသည်။



**Source: The Global New Light of Myanmar (6-6-2024)**

EMBASSY OF MYANMAR. TOKYO

## ၂၀၂၄ ခုနှစ် မေလတွင် ပြောင်းတင်ပို့မှုမှာ လျာထားချက် ကျော်လွန်လျက်ရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမျိုးသားပို့ကုန်လျာထားချက် ပြည့်မီစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်စည်တစ်ခုချင်းစီကို လအလိုက် ပို့ကုန်မျှော်မှန်းချက်များ ထားရှိဆောင်ရွက်လျက် ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလဖြစ်သည့် ဧပြီလ၊ မေလနှင့် ဇွန်လတို့တွင် ပြောင်းတင်ပို့မှုပမာဏကို တန်ချိန် ၃၈၀,၀၀၀ ရှိစေရေး လျာထားဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ်၊မေလကုန်အထိ ပြောင်းတင်ပို့နိုင်မှုမှာ တန်ချိန် ၄၇၈,၀၀၀ ရှိခဲ့သည့်အတွက် လျာထားချက် ကျော်လွန်လျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့စာရင်းအရ ပြည်ပသို့ ပြောင်းတင်ပို့ရန်အတွက် နိုင်ငံတကာဆိပ်ကမ်းများတွင် သင်္ဘော ၁၄ စီး ဆိုက်ကပ်ထားပြီး ဖြစ်ပါသည်။

ပြောင်းဖူးစေ့ တန်ချိန် ၅,၄၀၀ ကို Min Htet Min Terminal Port (MHM) မှ လည်းကောင်း၊ ပြောင်းဖူးစေ့ တန်ချိန် ၂,၇၀၀ ကို Shweme Jetty (SMJ) မှ လည်းကောင်း၊ ပြောင်းဖူးစေ့ တန်ချိန် ၂၅,၀၀၀ ကို Thilawa Multipurpose International Terminal မှ လည်းကောင်း၊ ပြောင်းဖူးစေ့တန်ချိန် ၁၁,၀၀၀ ကို Wilmar International Port Terminal မှ လည်းကောင်း၊ ပြောင်းဖူးစေ့တန်ချိန် ၂၆,၀၀၀ ကို Myanmar Integrated Port Limited မှ လည်းကောင်း၊ ပြောင်းဖူးစေ့တန်ချိန် ၂၇,၅၀၀ ကို Myanmar International Terminal Thilawa မှ လည်းကောင်း၊ ပြောင်းဖူးစေ့တန်ချိန် ၂၅,၀၀၀ ကို The Myanmar Terminal မှ လည်းကောင်း၊ ပြောင်းဖူးစေ့တန်ချိန် ၂၀,၆၇၂ ကို Sule Pagoda Wharves မှ လည်းကောင်း၊ ပြောင်းဖူးစေ့ တန်ချိန် ၃၆,၅၀၀ ကို Myanmar Industrial Port မှ လည်းကောင်း၊ ပြောင်းဖူးစေ့ တန်ချိန် ၉,၅၀၀ ကို Yangon International Gateway Terminal မှ လည်းကောင်း၊ ပြောင်းဖူးစေ့ တန်ချိန် ၃၂,၀၅၈ ကို Ahlon International Port Terminal မှ လည်းကောင်း၊ စုစုပေါင်း ပြောင်းဖူးစေ့တန်ချိန် ၂၂၁,၃၃၀ ကို ပြည်ပသို့ တင်ပို့သွားမည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ တင်ပို့လာသည့် ပြောင်းများကို အခွန်ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်သည့်အတွက် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းအနေဖြင့် ယခုနှစ် ဩဂုတ်လအတွင်း အချိန်မီတင်ပို့နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO



**Source: The Global New Light of Myanmar (6-6-2024)**

## ပြည်ပနိုင်ငံများသို့ သင်္ဘော (၈) စီးဖြင့် မြန်မာ့ဆန်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာ့ဆန်တန်ချိန် ၁၃၅,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ကုန်သေတ္တာများကို သင်္ဘောများပေါ်သို့ တင်ဆောင်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဆန်တင်ပို့မှု လျှော့ထားချက် ပြည့်မီကျော်လွန်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ရာဘာနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီများ၏ တင်ပို့နိုင်သည့် ပမာဏပေါ်မူတည်၍ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ် လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့်

EMBASSY OF MYANMAR,

ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ရေး လျာထားဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆန် တန်ချိန် ၁၂,၅၀၀ တန်ကို Ahlon International Port Terminal (AIPT) မှ လည်းကောင်း၊ ဆန်တန်ချိန် ၁၂,၅၀၀ တန်ကို Yangon International Gateway Terminal (YIGT) မှ လည်းကောင်း၊ ဆန်တန်ချိန် ၁၀,၀၀၀ ကို The Myanmar Terminal မှ လည်းကောင်း၊ ဆန် တန်ချိန် ၉,၈၀၀ ကို Wilmar International Port Terminal မှ လည်းကောင်း၊ဆန်တန်ချိန် ၉၁,၁၂၀ ကို Sule Pagoda Wharves မှ လည်းကောင်း၊ စုစုပေါင်း ဆန်တန်ချိန် ၁၃၅,၉၂၀ တန်ကို တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် သင်္ဘော ၄ စင်း ဖြင့်ပြည်ပသို့ ဆန်တန်ချိန် ၇၄,၀၀၀ တင်ပို့နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိခဲ့ပါသည်။

Source: The Global New Light of Myanmar (၆-၆-၂၀၂၄)



# မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် ပြည်ပနိုင်ငံများသို့ ရာဘာတန်ချိန် ၁၉,၀၀၀ ကျော် တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မေလတွင် ရာဘာတန်ချိန် ၁၉,၄၀၀ ကျော် တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၆.၈ သန်း ဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရာဘာတန်ချိန် ၈,၂၇၀ ကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ တန်ချိန် ၆,၆၇၀ ကျော်ကို မလေးရှားနိုင်ငံသို့ လည်းကောင်း၊ တန်ချိန် ၂,၁၉၀ ကို ဗီယက်နမ် နိုင်ငံသို့ လည်းကောင်း၊ တန်ချိန် ၅၀၀ ကို အင်ဒိုနီးရှားနိုင်ငံသို့ လည်းကောင်း၊ တန်ချိန် ၃၆၀ ကို ဂျပန်နိုင်ငံသို့ လည်းကောင်း၊ ၃၁၅ တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ တန်ချိန် ၁၀၀ ကျော်ကို ကိုရီးယားနိုင်ငံသို့ လည်းကောင်း၊ တန်ချိန် အနည်းငယ်ကို သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သို့ လည်းကောင်း တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၂၃.၈၈ သန်း တန်ဖိုးရှိ စုစုပေါင်းတန်ချိန် ၁၇,၃၀၀ တန်ကျော်ကို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း ထိုင်း နိုင်ငံသို့ ရာဘာတန်ချိန် ၁,၆၁၀ ကျော်ကို လည်းကောင်း၊ တရုတ်နိုင်ငံသို့ ၅၁၆ တန်ကို လည်းကောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၉၃ သန်းတန်ဖိုးရှိ ရာဘာတန်ချိန် ၂,၁၂၀ ကျော်ကို တင်ပို့နိုင်ခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် အမေရိကန်ဒေါ်လာ ၆၄.၄၈ သန်းတန်ဖိုးရှိ မတ်ပဲ တန်ချိန် ၆၆,၀၃၆ ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၃၄.၇၈၇ သန်း တန်ဖိုးရှိ ကုလားပဲတန်ချိန် ၅၃,၆၃၀ ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၃၂.၂၆ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၂၇၅၀၀ ကျော်ကိုလည်းကောင်း တင်ပို့နိုင်ခဲ့ပြီး၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၃၁.၂၉ သန်း တန်ဖိုးရှိ မတ်ပဲ၊ ပဲစင်းငုံနှင့်ကုလားပဲတန်ချိန် ၁၄၇,၁၇၀ တန်ကို တင်ပို့ နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် မတ်ပဲတန်ချိန် ၅၀,၀၀၀ ကျော်ကို အိန္ဒိယ နိုင်ငံသို့လည်းကောင်း၊ ကုလားပဲနှင့် ပဲစင်းငုံကို အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း တင်ပို့ခဲ့ပါသည်။

**Source: The Global New Light of Myanmar (5-6-2024)**

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂ လတာကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၄၈၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အတွင်း အမေရိကန်ဒေါ်လာ ၀.၇၃၂ သန်းတန်ဖိုးရှိ ပျားရည်တန်ချိန် ၄၈၈.၂၁ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂ လတာ ကာလအတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ပျားရည်တန်ချိန် ၄၆၁.၂၁ တန် တင်ပို့နိုင်ခဲ့ပြီး၊ နယ်စပ်မှ တစ်ဆင့် ပျားရည်တန်ချိန် ၂၇ တန် တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၁၈,၈၁၅ တန်ဖိုးရှိ ပျားရည်တန်ချိန် ၂၇၉.၂၁ တန်ကို လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၇၅၀ တန်ဖိုးရှိ ပျားရည် ၀.၅ တန်ကို လည်းကောင်း၊ ထိုင်းနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၇၂,၂၅၀ တန်ဖိုးရှိ ပျားရည် ၁၈၁.၅ တန်ကို လည်းကောင်း၊ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀,၅၀၀ တန်ဖိုးရှိ ပျားရည် ၂၇ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ပျားရည်ကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ်တွင် ပျားရည် တန်ချိန် ၂,၂၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတို်င်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နှမ်းပျားရည် (Sesame Honey) ၊ ဇီးပျားရည် (Jujube Honey) ၊ ပန်းနှမ်း ပျားရည် (Niger Honey)၊ နေကြာပျားရည် (sunflower Honey)၊ လိုင်ချီးပျားရည် (Lychee Honey) နှင့် ပန်းပျားရည် (Flower Honey)တို့ ထွက်ရှိပြီး နှစ်စဉ် ပျားရည် တန်ချိန် ၄၀၀၀ ကျော် ထုတ်လုပ်နိုင်လျက်ရှိပါသည်။

နှစ်စဉ်ပျားရည်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ၄၀ ရာခိုင်နှုန်း ကို ပြည်တွင်း၌ ရောင်းချလျက်ရှိပါသည်။ ပြည်တွင်းတွင် ပျားရည်ကို တိုင်းရင်းဆေးဝါးအဖြစ် အသုံးပြုလျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၁ မြို့နယ်ရှိ အစိုးရပိုင် ပျားမွေးမြူရေးစခန်း များတွင် ပျားအုံပေါင်း ၆,၂၀၀ မွေးမြူလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးလုပ်ငန်းပေါင်း ၉၅၀ ကျော်မှ ပျားအုံပေါင်း ၂ သိန်းနီးပါး မွေးမြူလျက်ရှိပါသည်။

**Source: The Global New Light of Myanmar (8-6-2024)**

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် ရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၆.၈၆၇ သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလတွင် အမေရိကန်ဒေါ်လာ ၆၄၀.၄၃ သန်း ရှိခဲ့သည့်အတွက် ယခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၂၃.၅၆၄ သန်း လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုက်တီးနှင့် ကျိုင်းတုံစသည့် နယ်စပ်စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်လျက်ရှိပါသည်။ မူဆယ်နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခဲ့သည့် ပမာဏမှာ အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၁၅.၆၆၈ သန်း ရှိခဲ့ပါသည်။ ကံပိုက်တီး နယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၂.၇၉၆ သန်း၊ လွယ်ဂျယ်နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁.၂၁၄ သန်း၊ ကျိုင်းတုံ နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၇.၁၈၉ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့်အခြားပစ္စည်းများကို တင်ပို့လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်းလျက်ရှိပါသည်။

**Source: The Global New Light of Myanmar (14-6-2024)**




## ၂၀၂၄ ခုနှစ် မေလတွင် မြန်မာ့ဆန် တန်ချိန် ၇၁,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့

၂၀၂၄ ခုနှစ်၊ မေလတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၇၀,၇၅၁ တန်ကို ပင်လယ် ရေကြောင်းမှလည်းကောင်း၊ တန်ချိန် ၅၂၈ တန်ကို နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း တန်ချိန် ၇၁,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၁,၀၀၀ ကို တင်ပို့နိုင်ခဲ့ပြီး၊ ၁၁၁,၄၆၀ တန်ကို ပင်လယ်ရေကြောင်းမှလည်းကောင်း၊ တန်ချိန် ၄၀၀ ကို နယ်စပ်မှ လည်းကောင်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလအတွင်း ဆန်တန်ချိန် ၁၈၃,၁၄၁.၅ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ဆန်တင်ပို့မှုလျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ရာဘာနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီများ၏ တင်ပို့နိုင်သည့် ပမာဏပေါ်မူတည်၍ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိခဲ့ပါသည်။

Source: The Global New Light of Myanmar (၁၄-၆-၂၀၂၄)

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံရှိ လေဆိပ် ၇ ခုကို အဆင့်မြှင့်တင် ပြုပြင်သွားမည်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံရှိ လေဆိပ် ၇ ခုကို အဆင့်မြှင့်တင် ပြုပြင်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

အဆင့်မြှင့်တင်သွားမည့် လေဆိပ်များမှာ မော်လမြိုင်လေဆိပ်၊ သံတွဲလေဆိပ်၊ ပူတာအိုလေဆိပ်၊ တာချီလိတ်လေဆိပ်၊ ဟံသာဝတီလေဆိပ်၊ မြိတ်လေဆိပ်နှင့်ကော့သောင်းလေဆိပ်တို့ဖြစ်ကြောင်း သိရှိရပါသည်။

လေယာဉ်ပြေးလမ်းများ အဆင့်မြှင့်တင်ရာတွင် အရှည်ပေ ၈၀၀၀ နှင့်အကျယ် ပေ ၁၅၀ ရှိ လေယာဉ်ပြေးလမ်းများကို အရှည် ပေ ၉၀၀၀ နှင့် အကျယ် ပေ ၁၅၀ အထိ တိုးချဲ့ ဖောက်လုပ်သွားမည် ဖြစ်ပါသည်။ လေဆိပ်များ အဆင့်မြှင့်တင်ရာတွင် ကချင်ပြည်နယ် ပူတာအိုရှိ အရှည်ပေ ၈၅၀၀ နှင့် အကျယ်ပေ ၁၀၀ ရှိသည့် လေယာဉ်ပြေးလမ်းကို ကတ္တရာအလွှာဖြင့် အဆင့်မြှင့်တင်သွားမည် ဖြစ်ပြီး တာချီလိတ် လေဆိပ်တွင် လေဆိပ် လုံခြုံရေးအတွက် ပျက်စီးနေသည့် ခြံစည်းရိုးများအား အုတ်တံတိုင်းများဖြင့် ပြန်လည် ပြုပြင်သွားမည်ဖြစ်ပါသည်။ ထို့အတူ မော်လမြိုင်လေဆိပ်ကိုလည်း အလျားပေ ၁၅,၄၅၀ နှင့် အမြင့် ၁၀ ပေရှိ

EMBASSY OF MYANMAR,

ခြံစည်းရိုးများတည်ဆောက်၍ အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး မြေဧက ၉၆၉၀.၄ ဧကတွင် အကောင်အထည်ဖော်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးရှိ ဟံသာဝတီ လေဆိပ် လုံခြုံရေးအတွက်လည်း အလျား ၃၄၀၀ နှင့် အမြင့် ၁၀ ပေရှိ အုတ်တံတိုင်းများ ကာရံသွား မည် ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူ မြိတ်လေဆိပ်ရှိ အရှည် ပေ ၉၀၀၀ နှင့် အကျယ် ပေ ၂၀၀ ရှိလေယာဉ်ပြေးလမ်းကိုလည်း ကတ္တရာကွန်ကရစ် အလွှာခင်းခြင်းဖြင့် အဆင့်မြှင့် တင်သွားမည် ဖြစ်ပြီး၊ ကော့သောင်း လေဆိပ်ရှိ အရှည် ပေ ၆၀၀၀ နှင့် အကျယ် ပေ ၁၅၀ ရှိ လေယာဉ်ပြေးလမ်းကိုလည်း AC အလွှာခင်းခြင်းဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

Source: The Global New Light of Myanmar (၁၃-၆-၂၀၂၄)



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဆန် ၅၂,၅၀၀ တန် တင်သွင်းခဲ့ပြီး၊ အများဆုံးဝယ်ယူခဲ့သည့် နိုင်ငံဖြစ်ခဲ့ကြောင်း၊ မြန်မာ့ဆန်ကို ဒုတိယ အများဆုံးအဖြစ် ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၂၆,၇၀၀ ကျော် ဝယ်ယူခဲ့ပြီး၊ တတိယအများဆုံး ဝယ်ယူခဲ့သည့်နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး တန်ချိန် ၂၆,၆၀၀ ကျော် ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

ထို့ပြင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် မြန်မာ့ဆန်တန်ချိန် ၁၀,၆၀၀ ကျော်ကို စပိန်နိုင်ငံသို့လည်းကောင်း၊ တန်ချိန် ၁၀,၀၀၀ ကျော်ကို ကင်မရွန်းနိုင်ငံသို့

လည်းကောင်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ် ဧပြီလနှင့်မေလ (၂)လတာ ကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၁၈၃,၁၄၁.၅ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၁.၂၆ သန်းဝင်ငွေရရှိခဲ့ကြောင်း ဖော်ပြထား ပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ် လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ သော်လည်း ဆန်တန်ချိန် ၁.၆ သန်းသာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိ ခဲ့ပါသည်။

Source: The Global New Light of Myanmar (၁၈-၆-၂၀၂၄)

EMBASSY OF MYANMAR, TOKYO



## မြန်မာနိုင်ငံအနေဖြင့် ၇ လတာကာလအတွင်း တရုတ်နိုင်ငံသို့ ပုစွန်တန်ချိန် ၆၀၀ ကျော် တင်ပို့နိုင်ခဲ့

၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် မေလအထိ ၇ လတာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ပုစွန် ၆၂၇ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁.၇၉၅ သန်းခန့် ဝင်ငွေရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်။

ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း အမေရိကန် ဒေါ်လာ ၃၈.၁၈ သန်း တန်ဖိုးရှိ ပုစွန်တန်ချိန် ၁ သောင်းနီးပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင် ခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ၃၃.၇၄ သန်းတန်ဖိုးရှိ ပုစွန်တန်ချိန် ၉,၁၃၇ တန်ကို ပင်လယ် ရေကြောင်းမှ တစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၄.၄၄၅ သန်းတန်ဖိုးရှိ ပုစွန်တန်ချိန် ၈၄၁.၆၇ တန်ကို နယ်စပ်မှတစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပုစွန်ကို အဓိကအားဖြင့် ဂျပန်နိုင်ငံ၊ ဥရောပနိုင်ငံများ၊ တရုတ် နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဂိတ်များနှင့် ပင်လယ်ရေကြောင်းတို့မှ တစ်ဆင့် တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ငါးသလောက်၊ ငါးခူ၊ ကကတစ်ငါး၊ ငါးမြစ်ခြင်း အပါအဝင် ငါးအမျိုးအစား ၂၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို အဓိကအားဖြင့် တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့လျက် ရှိပြီး၊ စုစုပေါင်း ပြည်ပနိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက် ရှိပါသည်။

**Source: The Global New Light of Myanmar (18-4-2024)**




## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံကျော် ရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် အမေရိကန် ဒေါ်လာ ၂.၂၄၃ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၂.၃၀၇ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ကာ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅၅ ဘီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထား ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာကာလအတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံရှိခဲ့ပြီး နယ်စပ်မှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၉၁၁.၉ သန်း ရှိခဲ့ပါသည်။ ယခင်နှစ် အလားတူ ကာလတွင် စုစုပေါင်း

ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅.၃ ဘီလီယံရှိခဲ့သည့် အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၇၁.၉၇ သန်း လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်း လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) (၂၀၂၀-၂၀၂၅)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ လျှပ်စစ်နှင့်အီလက်ထရောနစ် စက်ပစ္စည်းကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ ပါဝင်ပါသည်။

**Source: The Global New Light of Myanmar (16-6-2024)**



EMBASSY OF MYANMAR, TOKYO

# ကံပိုက်တီးနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လလျာထားချက် အမေရိကန်ဒေါ်လာ ၅ သန်း ပြည့်မီကျော်လွန်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လတွင် မြန်မာ-တရုတ်နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကံပိုက်တီး နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၄ သန်းတန်ဖိုးရှိ ကုန်စည်များတင်ပို့ကာ၊ အမေရိကန်ဒေါ်လာ ၁ သန်းတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခြင်းဖြင့် စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းရရှိစေရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့အထိ ကံပိုက်တီး နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၇.၂၅၅ သန်း တန်ဖိုးရှိ ကုန်စည်များ တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၄.၆ သန်းတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ကာ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁.၈၅၆ သန်း ရှိခဲ့ကြောင်း၊ ထို့ကြောင့် လျာထားချက်၏ ၂၃၇ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း ဖော်ပြထား ပါသည်။

ကံပိုက်တီး နယ်စပ်ဂိတ်မှ အဓိကတင်ပို့လျက် ရှိသည့် ကုန်စည်များမှာ တစ်ရှူးငှက်ပျော၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ သရက်သီးခြောက်၊ ကွမ်းသီး၊ ဖာလာစေ့၊ ပဲအမျိုးမျိုး၊ မန်ကျည်း သီးနှင့် အလူမီနီယံအပိုင်းအစများ ဖြစ်ပြီး၊ အဓိက တင်သွင်းလျက်ရှိသည့် ကုန်စည်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံး ကုန်များ၊ သစ်သီးဝလံနှင့် လောင်စာဆီတို့ ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် အမေရိကန်ဒေါ်လာ ၀.၁၁၃ ဒေါ်လာတန်ဖိုးရှိ တစ်ရှူးငှက်ပျော ၃၂၅ တန်ကိုလည်းကောင်း၊အမေရိကန်ဒေါ်လာ ၀.၂၁၂ သန်း တန်ဖိုးရှိ ကြက်သွန်နီ ၅၃၄.၇ တန်ကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၁၈ သန်းတန်ဖိုးရှိ အနက်ရောင် ဖာလာ ၉၀.၃ တန်ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၃၆ သန်း တန်ဖိုးရှိ ငရုတ်ကောင်း ၂၄.၂ တန်ကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၀၈ သန်း တန်ဖိုးရှိ ကွမ်းသီး ၅ တန်ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၈၄၂ သန်းတန်ဖိုးရှိ ပဲအမျိုးမျိုး ၁,၀၈၈ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO

အမိကတင်သွင်းခဲ့သည့် ကုန်စည်များမှာ ပိုက်များ၊ သံပိုက်များ၊ ကြွေပြား၊ တာယာ၊ လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ အဝတ်အထည်နှင့် လောင်စာဆီတို့ ဖြစ်ကြပါသည်။ သွင်းကုန်များတွင် အမေရိကန်ဒေါ်လာ ၀.၁၆၈ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုကုန်စည် ၆၈.၈ တန်၊ အမေရိကန်ဒေါ်လာ ၀.၈ သန်းတန်ဖိုးရှိ ကုန်ကြမ်း ၂၄၀ တန်နှင့် အမေရိကန်ဒေါ်လာ ၀.၁၈၃ သန်းတန်ဖိုးရှိ လူသုံးကုန် ၂၁၆.၄ တန်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

**Source: The Global New Light of Myanmar (16-6-2024)**



# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာအတွင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ မေလ ၁၀ ရက်နေ့အထိ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၉၅ သန်းနီးပါး ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၂၉.၆ သန်း ရှိခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၃၃၄.၆ သန်း လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မောတောင်နှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပထမ ၂ လတာအတွင်း ထီးခီးနယ်စပ်ဂိတ်မှ တစ်ဆင့် အများဆုံး ကုန်သွယ်မှု ပြုလုပ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁၆.၅၄ သန်း ရှိခဲ့ပါသည်။

မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅၀.၉၅ သန်း၊ တာချီလိတ်နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၄၄.၆၄ သန်း၊ မြိတ်နယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၅.၄၅ သန်း၊ ကော့သောင်းနယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၃၉.၃၈ သန်းနှင့်မောတောင်နယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၈ သန်း ကုန်သွယ်မှု ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန် ချောပစ္စည်းများနှင့်အခြားပစ္စည်းများကို တင်ပို့လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်းလျက် ရှိပါသည်။

**Source : The Global New Light of Myanmar (15-6-2024)**

EMBASSY OF MYANMAR, TOKYO




## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၂ လတာ ကာလတွင် ရေထွက်ကုန် တန်ချိန် ၄ သောင်း ၈ ထောင်နီးပါးတင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ မေလအထိ ၂ လတာ ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၅၁.၆ သန်းတန်ဖိုးရှိ ငါးအမျိုးမျိုး တန်ချိန် ၄၇,၇၁၉.၅၂၃ တန် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ငါးအမျိုးမျိုး ၂၃,၆၈၇.၁၄၉ တန်ကို ပင်လယ်ရေကြောင်းမှ တစ်ဆင့်လည်းကောင်း၊ ၂၄,၀၃၂.၃၇၄ တန်ကို နယ်စပ်ဂိတ်မှ လည်းကောင်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှထုတ်ပြန်ထားပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၂၆.၉၄၆ တန်ဖိုးရှိ ငါးအမျိုးမျိုး ၁၉,၅၉၃.၇၃ တန် တင်ပို့နိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် ၂၈,၁၂၅.၇၉၃ တန် ပိုမိုများပြားလာခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ အပါအဝင် စုစုပေါင်း ပြည်ပနိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက် ရှိပြီး အချို့ကို ရန်ကုန်မှ တစ်ဆင့် လည်းကောင်း၊ အချို့ကို နယ်စပ်ဂိတ်များမှ တစ်ဆင့်လည်းကောင်း တင်ပို့လျက် ရှိပါသည်။

**Source: The Global New Light of Myanmar (15-6-2024)**



## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည် လာရောက်မှုမှာ ၁ သိန်းကျော် ရှိခဲ့

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံသို့ လေကြောင်းမှ တစ်ဆင့် ခရီးသွားဧည့်သည်လာရောက်မှုမှာ ၁ သိန်းကျော်ရှိခဲ့ပြီး အများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီး ဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ခရီးသွားဧည့်သည် ၁,၀၀၀ ဦးကျော် များပြားလာခဲ့ပြီး၊ ခရီးသွားဧည့်သည်များအနေဖြင့် စီးပွားရေး လုပ်ငန်းဗီဇာနှင့် အလည်အပတ်ဗီဇာများဖြင့် ရန်ကုန်၊ ပဲခူးနှင့် ပုဂံတို့သို့ အဓိကလာရောက်ကြခြင်း ဖြစ်ပါသည်။

ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ၂၀၂၄ ခုနှစ် ပထမ ၅ လတာ ကာလအတွင်း ကမ်းခြေများကို သွားရောက်လည်ပတ်မှု နည်းပါးခဲ့ပြီး၊ ထိုင်းနိုင်ငံမှ ခရီးသွားများအနေဖြင့် ပဲခူးသို့ အဓိက သွားရောက်လည်ပတ်ခဲ့ကြပါသည်။ ၂၀၂၃ ခုနှစ်တွင်၊ မြန်မာနိုင်ငံသို့ ပြည်ပ ခရီးသွား ဧည့်သည် ၁ သန်းကျော် လာရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန မှ ထုတ်ပြန်ထားပါသည်။

**Source: The Global New Light of Myanmar (15-6-2024)**



## ကမ္ဘာလှည့်ခရီးသွား တစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်း စိုက်ပျိုးမည့် စီမံကိန်းကို လာမည့်ဇူလိုင်လတွင် စတင်မည်ဖြစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများအား နေပြည်တော်၊ ပုဂံ၊ မန္တလေး၊ ရန်ကုန်၊ ချောင်းသာ၊ ငွေဆောင် တို့တွင် စုပေါင်းသစ်ပင် စိုက်ပျိုးခွင့်ပြုမည့် "ကမ္ဘာလှည့်ခရီးသွား တစ်ဦးလျှင် သစ်ပင် တစ်ပင်နှုန်း စိုက်ပျိုးမည့် အစီအစဉ်" ကို လာမည့် ၂၀၂၄ ခုနှစ် ဇူလိုင်လမှ စတင် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဇီဝမျိုးကွဲသစ်ပင်များ တိုးချဲ့စိုက်ပျိုးရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး အတွက် ကမ္ဘာလှည့်ခရီးသွား တစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်း စိုက်ပျိုးမည့် အစီအစဉ်ဖြစ် ကြောင်း၊ ၎င်းအစီအစဉ်မှ တစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများ အကြား ခရီးသွားလာမှု မြင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသို့ သစ်ပင်စိုက်ပျိုးရန် လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများ အနေဖြင့် အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှ နိုဝင်ဘာလ အထိ နေပြည်တော်၊ ပုဂံ၊ မန္တလေး၊ ရန်ကုန်၊ ချောင်းသာ၊ ငွေဆောင် နေရာ ၆ ခုတွင် စတင်စိုက်ပျိုး အကောင်အထည်ဖော် မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာလှည့်ခရီးသွားများသည် တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လာရောက်ကြပြီး၊ အချို့မှာ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြောင်း သိရှိရ ပါသည်။ ယခု သစ်ပင်စိုက်ပျိုးမည့် အစီအစဉ်ကို ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသွား ၁ သိန်းကျော် မြန်မာနိုင်ငံ သို့ လေကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း၊ အများဆုံးလာရောက်ခဲ့နိုင်ငံမှာ တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံတို့မှ ဖြစ်ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO



## မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုပ္ပါးတောင် အမျိုးသား ဘူမိဥယျာဉ်သည် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ် သတ်မှတ်ခံရရေး နီးကပ်လာပြီဖြစ်ခြင်း

ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်အား ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။


မြန်မာနိုင်ငံရှိ ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်သည် နိုင်ငံတွင်းရှိ ဘူမိဥယျာဉ်များအနက် ကမ္ဘာ့ အဆင့်မီ ဘူမိဥယျာဉ်သို့ ရောက်ရှိနိုင်မည့် အလားအလာကောင်းလျက်ရှိပါသည်။


အကယ်၍ ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်အား ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရပါက မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များ၊ လူနေမှုဓလေ့ထုံးထမ်းများကို ကမ္ဘာမှ ပိုမိုသိရှိလာရုံမက ပုပ္ပါးတောင်ရှိ ဘူမိအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသထွက်ကုန်များနှင့် ရေမြေတောတောင် သဘာဝအလှတို့ကို စနစ်တကျထိန်းသိမ်းကာကွယ်ရာတွင်လည်း အထောက်အကူပြုစေမည်ဖြစ်ပါသည်။

UNESCO ၏ ကမ္ဘာ့ဘူမိဥယျာဉ် အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ပြီး၊ လက်ရှိတွင် နိုင်ငံ ပေါင်း ၄၆ ခုတွင် ဘူမိဥယျာဉ်ပေါင်း ၁၇၇ ခုသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံတွင် ဘူမိဥယျာဉ်ပေါင်း ၃၉ ခုရှိပြီး ကမ္ဘာပေါ်တွင် ဘူမိဥယျာဉ်အများဆုံး နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ကမ္ဘာ့အဆင့်မီ ဘူမိဥယျာဉ်များရှိကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR TOKYO





EMBASSY TOKYO

## ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာ ကျောင်းသား/ ကျောင်းသူပေါင်း (တစ်သန်း) ကျော် တက်ရောက် ပညာသင်ကြားလျက်ရှိ

၃-၆-၂၀၂၄ရက်နေ့မှ စတင်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း များ စတင်ဖွင့်လှစ်ခဲ့ရာ၊ အခြေခံပညာကျောင်းပေါင်း (၂၇၅၄) ကျောင်းတွင် ကျောင်းသား/ ကျောင်းသူ (၁,၀၀၇,၆၉၅) ဦး အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရှိရပါသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သည့် မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်း (၁,၆၈၀)ကျောင်း၊ အလယ်တန်းကျောင်း (၆၆၅) ကျောင်း နှင့် အထက်တန်းကျောင်း (၄၀၉) ကျောင်း ၊ စုစုပေါင်း (၂၇၅၄) ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်မှ ဇွန်လ ၃ ရက်နေ့ ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ စာသင်ခန်း နှင့် စာသင်ခုံများ သန့်ရှင်းသပ်ရပ်မှုရှိရန်၊ ပြည်စုံရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဗိုလ်တစ်ထောင်ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်မှလည်း အခမဲ့ပညာရေးမူဝါဒစနစ် ဖြစ်သည့်အတွက် ကျောင်းသား/သူများထံမှ မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမရှိရန် ကျောင်းများအား မှာကြားထားပါကြောင်း၊ ကျောင်းထွက်နှုန်း ကျဆင်းရေးအတွက် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းအပ်နှံသည့်နေ့၌ ကျောင်းသား/သူများ အားလည်း အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာ သင်ရပ်နားခဲ့ရသည့် ကျောင်းသား/ သူများအားလည်း ကျောင်းအပ်နှံခွင့် ရရှိအောင် ဆောင်ရွက် ပေးရန် ကျောင်းအုပ်များကို မှာကြားထားပါကြောင်း၊ ယခင်နှစ်ထက်ကျောင်း အပ်နှံသူ များပြား လာပါကြောင်း သိရှိရပါသည်။

OF MYANMAR, TOKYO



**၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက(၆)ဗိုလ်တစ်ထောင်မှ ကျောင်းသားလေးများ ကျောင်းတက်ရောက်လာစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းသား/သူပေါင်း (၆)သန်း ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိ

(၅-၆-၂၀၂၄၊ နေပြည်တော်)

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများကို ဇွန်လ(၃)ရက်နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ၊ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ကျောင်းသား/သူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်လျက်ရှိကြောင်းသိရှိရပါသည်။ ပညာရေး ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ကျောင်းများအဆင်ပြေပြေ ဖွင့်လှစ် နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်။ KG နှင့် မူလတန်းဆင့် ကျောင်းသား/သူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ကျောင်းသား/သူများအား စာရေးကိရိယာ များ၊ ဖတ်စာအုပ်များအား အခမဲ့ထောက်ပံ့ပေးခဲ့ပါသည်။ ထို့အပြင် စာသင်ခန်းများ ပြင်ဆင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးနှင့် ကျောင်းများအား သန့်ရှင်းသာယာလှပ စေရန် ဆောင်ရွက်ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်ရန်ကျန်ရှိနေသည့် ကျောင်းသား/သူများအားလည်း ကျောင်းအပ်လက်ခံပေးလျက်ရှိပါသည်။ လက်ရှိ စာရင်းများအရ ကျောင်းသား/သူ စုစုပေါင်း ၆,၆၇၂,၃၂၉ဦး ကျောင်းအပ်နှံခဲ့ပြီး၊ ၆,၄၁၄,၇၉၉ဦး တက်ရောက် လျက်ရှိပါကြောင်း သိရှိရပါသည်။



နိုင်ငံတစ်ဝှမ်း ကိုရင်များ၊ သီလရှင်များအပါအဝင် ကျောင်းသား/သူပေါင်း ၆,၄၁၄,၇၉၉ ဦး ကျောင်းတက်ရောက်နေစဉ်

EMBASSY OF THE MYANMAR, TOKYO



ဘုန်းတော်ကြီးသင်ကျောင်းများ၌ ကိုရင်များ၊ သီလရှင်များနှင့် ကျောင်းသား/သူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနေစဉ်

EMBASSY OF MYANMAR